ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၄/၂၀၁၆)

ဒေါ်အိမွန်ထူး (MD)၊ ဦးတင်ထွန်းအောင်
(HR Manager)(အလုပ်ရှင်၏အထူး
ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
Yangon Airport Group Co.,Ltd ၊
အမှတ်-၁၈၆၊ လေဆိပ်လမ်း၊ (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်။ } လျှောက်ထားသူ

နှင့်

ဦးအောင်ကျော်ရှင်း(Operator II)
အမှတ် (၁၇)၊ ဝိတောက်မြိုင်လမ်း၊
ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ လေဆိပ်လမ်း၊ အမှတ်-၁၈၆ ရှိ ဒေါ်အိမွန်ထူး(MD)၊ ဦးတင်ထွန်းအောင် (HR Manager)(အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) ပိုင်ဆိုင်သော Yangon Airport Group Co.,Ltd နှင့် ဦးအောင်ကျော်ရှင်း တို့အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို မင်္ဂလာဒုံမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၈၈/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးအောင်ကျော်ရှင်းမှ တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်နှင့်အညီ ဆောင်ရွက်ပေးပါရန်နှင့်ပေးသွင်းထားသော အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်အားပြန်လည်ရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သောဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဦးအောင်ကျော်ရှင်း (Operator II) အလုပ်ထုတ်ခံရမှုအတွက် နစ်နာကြေးရထိုက်/ မရထိုက်။ ရထိုက်ပါက မည်မျှရထိုက်သည်။ ဝင်ငွေခွန်ပေးသွင်းထားသော ပြေစာများအား ပေးထိုက်/ မပေးထိုက်နှင့် လုပ်သက်ခွင့်အတွက် အကျိုးခံစားခွင့်များ ရထိုက်/ မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးအောင်ကျော်ရှင်း (Operator II) အား ကြိုတင်အကြောင်းမကြားဘဲ အလုပ်မှထုတ်ပယ်ခံရသည့်အတွက် နို့တစ်ကြေးနှင့် လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေးတို့အား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OT မပါ ) လစာနှုန်း ၅၆၁၀၀၀ိ/-ဖြင့် စုစုပေါင်း (၇)လစာ ၃၉၂၇၀၀၀ိ/-၊(ကျပ်သုံးဆယ့်ကိုးသိန်း နှစ်သောင်းခုနှစ်ထောင်တိတိ/-)ကို အလုပ်ရှင်မှပေးရန်၊ ဝင်ငွေခွန်ပေးသွင်းထားသော ပြေစာများကို ထုတ်ပေးရန်နှင့် ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေ၊ ပုဒ်မ-၄(၅)နှင့်အညီ အလုပ်ရှင်မှ တွက်ချက် ၍ ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၈၈/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု မရှိသဖြင့် Yangon Airport Group Co.,Ltd ၊ ဒေါ်အိမွန်ထူး(MD)မှ ခုံသမာဓိကောင်စီသို့

အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၆၄/၂၀၁၆)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေးတို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ဦးအောင်ကျော်ရှင်း (Operator II) အလုပ်ထုတ်ခံရမှုအတွက် နစ်နာကြေး ရထိုက်/ မရထိုက်။ ရထိုက်ပါက မည်မျှရထိုက်သည်။ ဝင်ငွေခွန်ပေးသွင်းထားသော ပြေစာများအား ပေးထိုက်/မပေးထိုက် နှင့်လုပ်သက်ခွင့်အတွက် ခံစားခွင့်ငွေကြေးများ ရထိုက်/မရထိုက်။

**သုံးသပ်ချက်အမှတ်(၁)**

၇။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သည့် Yangon Airport Group Co.,Ltdနှင့် ဦးအောင်ကျော်ရှင်း (Operator II) တို့၏ လုပ်ငန်းခွင်မှ ပြဿနာများအပေါ်မူတည်၍ အလုပ်မှ ထုတ်ပယ်ခြင်းခံရ၍ ဥပဒေနှင့်အညီ ခံစားခွင့်ရှိ/ မရှိ။ ဦးအောင်ကျော်ရှင်း၏ တောင်းဆိုချက်တစ်ရပ်ဖြစ်သော ဝင်ငွေခွန်ပေးသွင်းထားသည့် ပြေစာများ၊ ငွေရေးကြေးရေး ကိစ္စရပ်များနှင့် စုဆောင်းထားသော လုပ်သက်ခွင့်အတွက် ခံစားခွင့်ငွေကြေးများကို ဥပဒေနှင့်အညီ စိစစ်ဆုံးဖြတ်ပေးပါရန် အလုပ်ရှင်မှ လျှောက်ထားလာသည့်အပေါ် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့အသီးသီး၊ အဆင့်ဆင့်တို့၌ ထွက်ဆိုခဲ့သော ထွက်ဆိုချက်များ ၊ တင်ပြချက် စာရွက်စာတမ်း

များနှင့် ၇-၉-၂၀၁၆ ရက်နေ့တွင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တွင် ထွက်ဆိုတင်ပြချက်များကို အနုလုံပဋိလုံ အဖန်တလဲလဲ သုံးသပ်ခဲ့ကြပါသည်။

၈။ ခုံအဖွဲ့သည် ဦးအောင်ကျော်ရှင်း(OperatorII)အား ရှေးဦးစွာ မေးမြန်းစစ်ဆေးခဲ့သည်တွင် ၎င်းအနေဖြင့် လုပ်ငန်းပျက်ကွက်မှု၊ လုပ်ငန်းခွင်သင်တန်းတက်ရောက်ရန် ပျက်ကွက်မှု၊ အလုပ်ချိန်နံနက်ပိုင်းတန်းစီခြင်း ပျက်ကွက်မှုစသော အကြောင်းပြချက်အမျိုးမျိုးဖြင့် ထုတ်ပယ်ခြင်းပြုခဲ့ကြောင်း၊ မိမိ၏ လုပ်ငန်းသုံး လေဆိပ်ဝင်ခွင့်ကတ်ပြားများ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများကို သိမ်းဆည်းခဲ့၍ မိမိ၏တာဝန်များကို မထမ်းဆောင်နိုင်ခဲ့ကြောင်း၊ မိမိအား နို့တစ်တစ်စုံတစ်ရာ မပေးဘဲ အလုပ်မှထုတ်ပယ်ခဲ့ပါက အခြားဌာနအဖွဲ့အစည်းများသို့ စားဝတ်နေရေးအတွက် အလုပ်ရှာဖွေဝင်ရောက်ရာတွင် ခက်ခဲနိုင်မည်ဖြစ်၍ မိမိ၏ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခွင့်ပြုရန် လျှောက်လွှာတင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေအရ ခံစားခွင့်ရှိပါက ခံစားခွင့်ပြုနိုင်ရန် မြို့နယ်၊ တိုင်းဒေသကြီး အဆင့်ဆင့်သို့တင်ပြခဲ့ပြီး၊ ယခုအခြေအနေသို့ ရောက်ခဲ့ရပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်သိက္ခာကို ငဲ့ကွက်ရန်လိုလားပြီး၊ အလုပ်ထုတ်ခဲ့သည်မှာ မတရားဟုခံစားရပါကြောင်း၊ သိဖြစ်၍ တောင်းဆိုမှုတင်သွင်းခဲ့ရပါသည်ဟု ထွက်ဆိုခဲ့ပါသည်။

၉။ ခုံအဖွဲ့သည် Yangon Airport Group Co.,Ltd ကုမ္ပဏီမှ တာဝန်ရှိ ဦးတင်ထွန်းအောင်(HR Manager )အား ဆက်လက်စစ်ဆေးခဲ့ရာ ကုမ္ပဏီ၏ တင်ပြချက်စာရွက်စာတမ်းများအရ၊ ဦးအောင်ကျော်ရှင်းသည် လေဆိပ်အတွင်း ၎င်းတာဝန်ယူမောင်းနှင်သောယာဉ်ဖြင့် အုတ်တိုင်များကို တိုက်မိခြင်း၊ ဌာနမှစေလွှတ်သော လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများကို တက်ရောက်ရန်ပျက်ကွက်ခြင်း၊ ဌာန၏အလုပ်လုပ်ရက်များတွင် ပျက်ကွက်ရက်များ မကြာခဏရှိနေ၍ စံပြ Operator တစ်ဦးအနေဖြင့် မိမိ၏လက်အောက်ငယ်သားများကို ဦးဆောင်ရန် ပျက်ကွက်နေခြင်း၊ နေ့စဉ်တန်းစီချိန်သည် လုပ်ငန်းခွင်တာဝန်အသီးသီးကို ခွဲဝေမှုပြုရသည်ဖြစ်၍ လေဆိပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုဖြည့်ဆည်းရန် ပျက်ကွက်ခဲ့ပါသည်။ ၎င်း၏ လုပ်ငန်းခွင်ပျက်ကွက်မှုသည် အပြစ်ကြီးသည်ဟု မမြင်သာသော်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နိုင်ငံတကာမှ လေယာဉ်မျိုးစုံဆိုက်ရောက်၊ ထွက်ခွာ

နေကြပြီး၊ ပြည်တွင်းပြည်ပ ခရီးသည်များလည်း တိုးတက်မြင့်မားလျှက်ရှိသဖြင့်၊ လေကြောင်းညွှန်ကြားမှုဦးစီးဌာနပိုင် လေဆိပ်တွင် မိမိတို့ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ရမည့် ဝန်ဆောင်မှုလုပ်ငန်းပမာဏကို တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီတာဝန်ရှိသူများနှင့် ဝန်ထမ်းလုပ်သားများအနေဖြင့် အလေးအနက်ထားကြရန် လိုအပ်ပါသည်။ လေကြောင်းလိုင်းများမှ ဝယ်ယူသည့် လေယာဉ်အမျိုးအစားအသစ်များကို လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် မိမိတို့ဝန်ထမ်းများအနေဖြင့် လေယာဉ်အမျိုးအစားအလိုက် တံခါးအဖွင့်အပိတ်ပြုလုပ်ခြင်း၊ တိုးတက်ပြောင်းလဲလာသည့် စက်ကိရိယာများကို စနစ်တကျကိုင်တွယ်အသုံးချနိုင်ရေးအတွက် လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ကျင်းပပြုလုပ်ပေးသည့်ရက်တိုသင်တန်းများကို မိမိတို့ကုမ္ပဏီ၏ Operator များအနေဖြင့် မပျက်မကွက်တက်ရောက်သင်ကြားလေ့ကျင့်ရန် လိုအပ်ပြီး၊ ၎င်းတို့မှတစ်ဆင့် သင်တန်းပို့ချချက်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရန်၊ ရှောင်ရန်များကို Operator နှင့်အတူ တွဲဖက်လုပ်ကိုင်မည့် လုပ်သားများကိုလည်း ဆင့်ပွားပို့ချပေးရန် မလွှဲမသွေလိုအပ်ပါ၍ ၎င်း၏ လုပ်ငန်းဆိုင်ရာပျက်ကွက်မှုများကို အရေးယူနိုင်ရန် Yangon Airport Group Co.,Ltd ဘုတ်အဖွဲ့သို့ တင်ပြဆုံးဖြတ်ချက်ရယူခဲ့ပါသည်။ လုပ်ငန်းဆိုင်ရာ သင်တန်းတက်ရောက်ရန် အမည်စာရင်းကိုလည်း သင်တန်းမစမီ (၂) ပတ်အလိုတွင် ရုံးနို့တစ်ဘုတ်တွင်သိရှိရန် ကြေညာထားခဲ့ပါသည်။ မိမိတို့ကုမ္ပဏီသည် Air Bagan လေကြောင်းလိုင်းနှင့် မတူညီဘဲ သီခြားအုပ်ချုပ်မှုဖြင့် တည်ထောင်၍ လေကြောင်းညွှန်ကြားမှုဦးစီးဌာနပိုင် လေဆိပ်တွင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေရသော ကုမ္ပဏီဖြစ်၍ ပြည်တွင်းပြည်ပ ခရီးသည်များ၏ ဝန်ဆောင်မှုရေးရာကိစ္စများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီအောင် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရပါသည်။ လုပ်သားများ၏ ရပိုင်ခွင့်များကိုလည်း မထိခိုက်မနစ်နာစေရန် အလေးဂရုပြုဆောင်ရွက်ခဲ့ပြီး အပြစ်များကို သက်ညှာစွာစဉ်းစား၍ ဆောင်ရွက်ခဲ့ပါသည်။ ဦးအောင်ကျော်ရှင်း(Operator II) သည် ယခင်က Air Bagan လေကြောင်းလိုင်းတွင် လုပ်ကိုင်ခဲ့သော်လည်း ၂၂-၄-၂၀၁၁ ရက်နေ့မှစတင်၍ မိမိတို့ကုမ္ပဏီ Yangon Airport Group Co.,Ltd တွင် ယခင်လစာထက်မနည်းစေဘဲ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။ မိမိတို့ကုမ္ပဏီအနေဖြင့် ခံစားခွင့်များကို အပြည့်အဝပေးပြီး

ဘောနပ်(စ်)ဆုကြေးကိုလည်း သိဟင်းကျွတ်ပွဲတော်နှင့် သင်္ကြန်ပွဲတော်တို့တွင် နှစ်စဉ်မှန်မှန် ပေးအပ်ခံစားမှုပြုခဲ့ပါသည်။ ၎င်း၏ဆန္ဒအလျှောက် အလုပ်မှနုတ်ထွက်ခွင့် တောင်းခံလွှာသည် ကုမ္ပဏီ၏ဘုတ်အဖွဲ့မှ ၎င်းအားအပြစ်ရှိ၍ အလုပ်မှထုတ်ပယ်ကြောင်း ဆုံးဖြတ်ချက်ချပြီးသည့် အခါမှသာ လာရောက်တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း ၎င်းတောင်းဆိုထားသော လုပ်သက်ခွင့်များ ကိုစုဆောင်း၍ ငွေကြေးခံစားခွင့်ပြုရန်ကိုလည်း သက်ဆိုင်ရာဌာနမှတွက်ချက်၍ ထုတ်ပေးရန် အသင့်ရှိနေပြီဖြစ်ပါကြောင်း ၎င်း၏လစာမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ဝင်ငွေခွန်ပေးသွင်းမှု မှတ်တမ်းစာအုပ်ကိုလည်း သက်ဆိုင်ရာဌာနမှ ပြန်လည်ရရှိခဲ့ပြီဖြစ်၍ ဝင်ငွေခွန်ပြန်အမ်းငွေကို လည်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။ စည်းကမ်းဖောက်ဖျက်မှုများကြောင့် အလုပ်မှထုတ်ပယ်ရသည်ဖြစ်၍ လုပ်သက်အလိုက် နစ်နာကြေးများကို ခံစားခွင့်ပြုပါက အခြားသောလုပ်သား ၅၀၀ကျော်တို့မှ ၎င်း၏ဖြစ်စဉ်ကို အတုယူ၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ပါ က လုပ်ငန်းခွင်တည်ငြိမ်မှုမရရှိဘဲ ကုမ္ပဏီ၏ အကျိုးစီးပွား၊ စည်းကမ်းလိုက်နာကြိုးစားကြသည့် လုပ်သားထု၏အကျိုးစီးပွားကို ပျက်ပြားစေ မည်ဖြစ်၍ မိမိတို့၏ လျှောက်ထားထွက်ဆိုချက်ကို တင်ပြရခြင်းဖြစ်ပြီး ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ လေးစားလိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

၁၀။ ခုံအဖွဲ့ဝင်အသီးသီးတို့၏ အမှုဖြစ်စဉ်အပေါ် ချဉ်းကပ်လေ့လာ၍ ရှုထောင့်အသီးသီးမှ သုံးသပ်တင်ပြချက်များကို မှတည်၍ ရှင်းလင်းဖော်ပြအပ်ပါသည်။ ဦးအောင်ကျော်ရှင်း (Operator II)သည် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလေယာဉ်ကွင်း၏ လုံခြုံရေးတင်းကျပ် ထားသော လုပ်ငန်း၌ တာဝန်ထမ်းဆောင်ရာ (၁၁-၁-၂၀၁၂)ရက်နေ့၌ လေယာဉ်ကွင်းအတွင်း၌ မဆင်မခြင် မောင်းနှင်ခြင်းကြောင့် ယာဉ်မောင်းခွင့် (၂) ပတ်လိုင်စင် ပိတ်သိမ်း၍ (၂) ပတ် ရာထူးချခံရ သည်။ (၈-၁၀-၂၀၁၄)ရက်နေ့၌ ဒုတိယအကြိမ်လုပ်ငန်းခွင် စည်းကမ်းများ မလိုက်နာခြင်း ကြောင့်(၁)လ လိုင်စင်ပိတ်၍ (၁)လ ရာထူးချထားခြင်းခံခဲ့ရသည်။ OperatorII ဦးအောင်ကျော်ရှင်းသည် (၂၃-၆-၂၀၁၅)ရက်နေ့၊ (၆-၉-၂၀၁၅)ရက်နေ့၊ (၁၈-၆-၂၀၁၅)ရက်နေ့ များတွင် တာဝန်ကျနေရာတွင် မရှိဘဲထွက်ခွာသွားခြင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလက သတ်မှတ် မိုင်နှုန်းထက်ပိုမောင်း၍ ရာထူးချခံရခြင်း၊ ၂၀၁၂ ခုနှစ်ဧပြီလတွင် အမိန့်အမှတ် ၉/၂၀၁၂ အား

လိုက်နာရန် ပျက်ကွက်ခြင်း၊ လစာ ၂၀%ဖြတ်တောက်ခံရခြင်း၊ ၂၀၁၅ ခုနှစ်တွင် ပျက်ကွက်မှု (၇)ကြိမ်ရှိခြင်းတို့ကြောင့် ကုမ္ပဏီမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ အကြိမ်ကြိမ် ဖောက်ဖျက်ခြင်းကြောင့် HR မန်နေဂျာက (၃၀-၁၀-၂၀၁၅)ရက်နေ့တွင် စာဖြင့် နောက်ဆုံးအကြိမ် ပြင်းထန်စွာသတိပေးခဲ့ပြီး၊ နောက်ထပ် အလားတူဖြစ်ရပ်မျိုး ပေါ်ပေါက်ပါက အလုပ်မှ ထုတ်ပယ်အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့သည်။ ယင်းသို့ ပြင်းထန်စွာ သတိပေးပြီး (၃)လကျော်ခန့်အကြာ (၁-၂-၂၀၁၆)ရက်နေ့ ထပ်မံစည်းကမ်း ဖောက်ဖျက်ခြင်းကြောင့် သတိပေးခဲ့ရသည်။ ထို့နောက် (၄-၅-၂၀၁၆)ရက်နေ့နှင့် (၃၀-၅-၂၀၁၆)ရက်နေ့များ၌ လုပ်ငန်းခွင်တွင်မရှိခြင်း၊ တန်းစီကွင်းသို့မရောက်ရှိခြင်း၊ သင်တန်း တက်ရန်ပျက်ကွက်ခြင်း တာဝန်ချိန်မရှိခြင်းတို့ကြောင့် ထပ်မံသတိပေးခဲ့ရသည်။ (၉-၆-၂၀၁၆) ရက်နေ့တွင် HR က ဖြစ်စဉ်ကိုစစ်ဆေးပြီး ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ (၁၂-၆-၂၀၁၆)ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့သည်။ လေယာဉ်ကွင်းအတွင်း၌ သတ်မှတ်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ လေကြောင်းလိုင်းလုံခြုံရေးသည် အမြင့်ဆုံးတင်းကြပ်ထားသော လုပ်ငန်း သဘာဝရှိပြီး နေ့စဉ်လုပ်ငန်းခွင်မဝင်မီကြိုတင် တန်းစီချိန်တွင် လေယာဉ်ကွင်းအတွင်းရှိ အရေးပေါ်အခြေအနေနှင့် အန္တရာယ်ကျရောက်နိုင်သောနေရာများ အချိန်နှင့်အမျှ [illegible] လုပ်ကိုင်ခြင်း၊ တာဝန်ခွဲဝေမှု တာဝန်လွှဲပြောင်းမှုပြုလုပ်ကြရသည်။ တန်းစီချိန် အကြိမ်ကြိမ် ပျက်ကွက်ခြင်းသည် လုပ်ငန်းခွင်၌ ကြီးမားသောဆုံးရှုံးမှုများဖြစ်နိုင်သည်။ ထို့ပြင် မြေပြင် ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ လေယာဉ်တံခါးဖွင့်ပိတ် ကိုင်တွယ်ခြင်းဆိုင်ရာ သင်တန်း မှာလည်း အရေးကြီးသောသင်တန်းဖြစ်သည်။ မိမိတို့၏ ပေါ့ဆမှု၊ မှားယွင်းမှုများကြောင့် ခရီးသည်များ၏ အသက်အန္တရာယ်များထိခိုက်စေနိုင်၍ ခေတ်မီ လေယာဉ်များအတွက် သိသင့်သိထိုက်သောသင်တန်းကို တက်ရောက်ရန် ပျက်ကွက်မှုမှာလည်း ကြီးလေးသောပြစ်မှု တစ်ခုဖြစ်သည်။ ကြီးလေးသောပြစ်ချက်များစွာကို အကြိမ်ကြိမ်ဖောက်ဖျက် ကျူးလွန်ခဲ့ခြင်း ကြောင့် ဒါရိုက်တာအဖွဲ့သည် သက်ညှာစွာဖြင့် အမည်ပျက်စာရင်းသွင်းခြင်း မပြုဘဲ ထုတ်ပယ်ခဲ့ ခြင်းဖြစ်ကြောင်းတွေ့ရသည်။ အလုပ်မှပြစ်ချက်များဖြင့် ထုတ်ပယ်ခဲ့ခြင်းကြောင့် အလုပ်ထုတ်

နစ်နာမှုများပေးရန် မသင့်ပါ။ သို့ရာတွင် အလုပ်ထုတ်ရာ၌ လူမှုရေးတရားမျှတမှုရှိစေရန် ဂရုဏာကြေးတစ်လစာခံစားခွင့်ပေးသင့်ကြောင်း သုံးသပ်ပါသည်။

၁၁။ သုံးသပ်တင်ပြချက်များကို မူတည်၍ Yangon Airport Group Co.,Ltdမှ ထုတ်ပယ်ခံရသော ဦးအောင်ကျော်ရှင်း(Operator II)အား အလုပ်ထုတ်နစ်နာကြေး ခံစားခွင့်ပြုသင့်၊ မပြုသင့်ကို ၎င်းကျူးလွန်ဖောက်ဖျက်ခဲ့သော ပြစ်မှုများကိုချေဖျက်နိုင်ခြင်းမရှိဘဲ ဥပဒေပါ ခံစားခွင့်နှင့်အညီ ဆုံးဖြတ်နိုင်ရေးအတွက် ခက်ခဲလေးနက်စွာ စဉ်းစားခဲ့ရပါသည်။ ဤကဲ့သို့ မကြာခဏစည်းကမ်းမဲ့စွာ တာဝန်ပေါ့လျော့စွာနေထိုင်ပြုမူသည့် အလေ့အကျင့်များကြောင့် အခြားဆက်စပ်နေသည့် ပြည်တွင်းပြည်ပခရီးသည်များ၏ ဝန်ဆောင်မှုလုပ်ငန်းများကို အခက်အခဲတွေ့နိုင်စေပြီး မသမာသောလုပ်သားဆိုးများမှ ဤဖြစ်စဉ်ကိုအတုယူ၍ ဥပဒေကို အကာအကွယ်ယူကာ ခံစားခွင့်အမျိုးမျိုးကို အလုပ်ရှင်ထံမှ မတရားတောင်းဆိုလာနိုင်ပြီး လုပ်ငန်းခွင်ရေရှည်အေးချမ်းသာယာရေးကို ထိပါးလာနိုင်သည်ဖြစ်၍ ကုမ္ပဏီအနေဖြင့် အပြစ်ရှိ၍ ထုတ်ပယ်ခဲ့သော ဦးအောင်ကျော်ရှင်း(Operator II)အား လူမှုရေးတရားမျှတမှုကို ရှေးရှုလျှက် (၁)လစာ (အချိန်ပိုကြေးမပါ )ကို ခံစားစေပါက သင့်တော်မည်ဖြစ်ကြောင်းနှင့် ပြစ်ချက်များကြောင့် အလုပ်မှ ထုတ်ပယ်ခံရသည်ဖြစ်၍ အလုပ်ရပ်စဲမှုနစ်နာကြေး တစ်စုံတစ်ရာကိုမျှ မခံစား စေထိုက်ကြောင်း၊ သို့မှသာ စည်းကမ်းမဲ့လုပ်သားများကို ဟန့်တားနိုင်မည်ဖြစ်၍ ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ လေးစားလိုက်နာလက်ခံဆောင်ရွက်နိုင်စေမည့် ရည်မှန်းချက်ကို ဖော်ဆောင်နိုင်မည်မှာမလွဲဟုလည်းကောင်း၊ ၎င်းခံစားရထိုက်သော လုပ်သက်ခွင့်ခံစားခွင့်ငွေကြေးများကို ဤအဖွဲ့မှ ဆုံးဖြတ်ပိုင်ခွင့်မရှိသော်လည်း ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ထုတ်ပေးနိုင်ရန် ပြင်ဆင်ထားပြီးကြောင်း သိရှိရ၍ အငြင်းပွားမှုကိုပြေလည်နိုင်စေမည်ဖြစ် ကြောင်း သုံးသပ်ပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးအောင်ကျော်ရှင်း (Operator II)အား လူမှုရေး တရားမျှတမှုအဖြစ် ဂရုဏာကြေး (၁) လစာ (OT မပါ ) ကို ခံစားခွင့်ပြုရန်

ဆုံးဖြတ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ (၁၅-၈-၂၀၁၆)ရက်နေ့တွင် ချမှတ်သော အမှုအမှတ် (၈၈/၂၀၁၆) ဆုံးဖြတ်ချက်အမှတ်(၁)ကို ဤဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

တောင်းဆိုသူအား ပေးရန်ရှိသော အလုပ်ထုတ်ခြင်းအတွက် ဂရုဏာကြေး(၁)လစာကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးအောင်မောင်ဝင်း | ဦးသောင်းစိန် | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |